# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

ငါသည် ထမြောက်ခြင်း အကြောင်း၊ အသက်ရှင်ခြင်း
အကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း
ရှင်လိမ့်မည်။ ငါ့စကားကိုယုံသလော။ ယော ၁၁း၂၅း၂၆ (ခ)


အမှတ်စဉ် ( ၁ ) ဧပြီလ ၂၀၀၂ ခုနှစ် စမ္ပဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့ တိုင်း အခမဲ့ ဖြန့်ချီသည် )


## ရှင်ပြန်ထမြောက်ခြင်းပွဲတော်

ဆောင်းပါး



မိရိုးဖလာ ခရစ်ယာန် မိသားစုက မွေးဖွားလာတဲ့ ကျွန်တော့်အတွက် ပျော်စရာ အကောင်းဆုံး အချိန်ဟာ ခရစ္စမတ်ပွဲတော်ချိန်ခါပဲ ဖြစ်ပါတယ်။ ခရစ္စမတ်အချိန်မှာ လက်ဆောင်ပစ္စည်း တွေလည်းရ၊ သီချင်းတွေ ဆိုကြ၊ နှုတ်ဆက်ကခုန်ကြနဲ့ ဆိုတော့ ခရစ္စမတ်ဟာ ပျော်စရာ အကောင်းဆုံး အချိန်ဘဲလို့ ငယ်ငယ်က ကျွန်တော် ထင်ခဲ့မိပါတယ်။ အလယ်တန်း ကျောင်းသားဘဝ ရောက်လာတဲ့ အချိန်မှာတော့ 'အီစတာပွဲတော်' နေ့ကို ဘုရားကျောင်းမှာ ကျင်းပတာ မှတ်မိနေပါ သေးတယ်။ အဲဒီတုန်းက ကျွန်တော်က ပန်းချီဆွဲတာ နဲနဲဝါသနာပါတော့ အသင်းတော် လူငယ်ဥက္ကဋ္ဌက ကျွန်တော့်ကို ကြက်ဥပေါ်မှာ ပန်းချီရုပ်ပုံတွေ ဆွဲပေးဖို့ လာပြောပါတယ်။ ကြက်ဥပေါ်မှာ ဆွဲရမှာ ဆိုတော့ အံ့အားသင့် သွားသလို၊ ပျော်လည်း ပျော်သွား ပါတယ်။ ပြီးရင် အဲဒီ ကြက်ဥတွေကို အီစတာနေ့မှာ ဘုရားကျောင်း လာတဲ့ သူတွေကိုရောင်းပြီး အလှူငွေရှာမယ်လို့ ထပ်ပြောပါတယ်။ အဲဒီတုံးက အီစတာနေ့ ဆိုတာ ဘာနေ့မှန်းမသိသလို ကြက်ဥကိုဘာကြောင့် ဝေမှန်းလဲမသိခဲ့ပါဘူး၊ အီစတာနေ့ဟာ ခရစ္စမတ်နေ့လောက် ပျော်စရာမကောင်းဘူး၊ အနှစ်သာရ မရှိဘူးလို့လဲ ထင်ခဲ့မိပါတယ်။ အီစတာနေ့ နေ့လည်ဘုရားရှိခိုးချိန်ရောက်တော့ ကျွန်တော်နဲ့ အသင်းတော်က လူငယ်တစ်စုဟာ ကြက်ဥဇလုံကြီး ကိုင်ပြီးတော့ ဘုရားကျောင်း လာတက်တဲ့သူတွေကို ရံပုံငွေ ရှာတဲ့အနေနဲ့ 'အီစတာကြက်ဥ' ဆိုပြီးရောင်းကြပါတယ်။ အဲဒီအချိန်မှာ ကြက်ဥဇလုံထဲက ကောင်းရာနိုးနိုးကြက်ဥကိုရှာနေတဲ့ ကောင်မလေး တစ်ယောက်ရဲ့ လက်ထဲကို ကျွန်တော်က ကြက်ဥတစ်လုံးထဲ့ပေးလိုက်ပြီး 'ရော့– ဒီကြက်ဥကိုယူ၊ ဒီဥရဲ့ အခွံပေါ်မှာ ငါပုံလှလှလေးဆွဲ ထားတယ်၊ ဒီပုံက အလှဆုံးဘဲ' လို့ပြောလိုက်တော့ ကောင်မလေးက 'အံမယ်– ကြက်ဥအခွံပေါ်က အရုပ်လှတိုင်း ငါကဝယ်ရမှာလား၊ အခွံပေါ်က အရုပ်က အရေးမကြီးဘူး၊ အရေးကြီးတာက ကြက်ဥကြီးကြီးရဖို့ဘဲ၊ ကြက်ဥကြီးကြီး ရမှအသားများများ၊ အနှစ်များများစားရမှာ' လို့ပြန်ပြောပါတယ်။

အဲဒီအဖြစ်အပျက်လေးက အခုအချိန်မှာ ကျွန်တော့်ကို သင်ခန်းစာကောင်းကောင်း ပေးနေပါတယ်။ ဥအခွံပေါ်မှာ အရုပ်လှလှဆွဲပြီး အခွံကိုမြတ်နိုးနေတဲ့ ကျွန်တော်ဟာ အခွံအောက်က ကြက်ဥရဲ့ အသားနဲ့ အနှစ်ကိုမေ့သွားမိတယ်။ ဒီလိုနည်းမျိုးနဲ့ ကျွန်တော်အပါအဝင် ခရစ်ယာန် တော်တော်များများဟာ အခွံဆိုတဲ့ခရစ္စမတ်ပွဲတော် အပြင်အဆင်၊ ပျော်ပွဲရွှင်ပွဲကိုဘဲ အလေးထားကြပြီး တကယ့် အနှစ်သာရရှိတဲ့ ရှင်ပြန်ထမြောက်ခြင်း ပွဲတော် (အီစတာ ) ကို သတိလက်လွှတ်၊ ပေါ့ပျက်ပျက်၊ အမှုမဲ့ အမှတ်မဲ့ကျော်ဖြတ်ခဲ့ကြတယ်။ ခရစ္စမတ်ပွဲတော်ကို အော်ကြီးဟစ်ကျယ်၊ အားရပါးရ ဒီဇင်ဘာတစ်လလုံး အုံးအုံးသည်းသည်း ကျင်းပခဲ့ကြပေမဲ့ ရှင်ပြန်ထမြောက်ခြင်းပွဲတော် ကိုတော့ ရှင်ပြန်ထမြောက်တဲ့ တနင်္ဂနွေနေ့မနက် အရုဏ်ဦးစည်းဝေး အဖြစ်တစ်ရက်ဘဲ ကျင်းပလေ့ရှိကြတယ် မဟုတ်လား။ ရှင်ပြန်ထမြောက်ခြင်းနေ့မှာ တအိမ်တက်ဆင်း သီချင်းဆိုပြီးနှုတ်မဆက်ကြပါလား၊ လက်ဆောင်တွေ မလဲကြပါလား၊ အင်္ကျီအသစ်တွေ၊ မိတ်ဆုံစားပွဲတွေ၊ ပျော်ပွဲရွှင်ပွဲတွေ မလုပ်ကြပါလား။ ယေရှုခရစ်တော် လောကကို ဆင်းသက်ကြွလာတဲ့ ခရစ္စမတ်နေ့ဟာ သိပ်အရေးကြီးပါတယ်။

ဒါပေမဲ့ ယေရှုခရစ်ဟာ မွေးဖွားလာပြီး သေသွားခဲ့ရင် ဘာမှတန်ဖိုးမရှိပါဘူး၊ စားလို့မရတဲ့ ကြက်ဥအခွံလိုဖြစ်နေမှာပါ။ ဒါပေမဲ့ ယေရှုခရစ် ဟာသေပြီး သုံးရက်မြောက်တဲ့နေ့မှာ ရှင်ပြန်ထမြောက်ခဲ့ပါတယ်။ ခရစ်ယာန်ဘာသာရဲ့ အခြားသောဘာသာများနဲ့ မတူတဲ့အချက်ဟာ ယေရှုခရစ်သေခြင်းမှ ရှင်ပြန်ထမြောက်သွားခဲ့ခြင်းဘဲ ဖြစ်ပါတယ်။ ယေရှုခရစ် သာသေခြင်းမှ ပြန်မရှင်ခဲ့ရင် ကျွန်တော်တို့ ခရစ်ယာန်ဖြစ်ရတာ သိပ်ရှုံးမှာပါ၊ ကျွန်တော်တို့ရဲ့ အလှူပေးခြင်း၊ အမှုဆောင်ခြင်းများဟာလဲ အချည်းနှီးသက်သက်ဖြစ်သွားမှာပါ။

**ခရစ်တော်သည် ထမြောက်တော်မမူလျှင် ငါတို့တောပြောခြင်း၌ အကျိုးမရှိ၊ သင်တို့ယုံကြည်ခြင်း၌လည်း အကျိုးမရှိ။ ထိုမျှမက ငါတို့သည် ဘုရားသခင်၏အမှုမှာ မမှန်သော သက်သေခံဖြစ်ကြ၏။ ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ သင်တို့သည် ယုံကြည်သော်လည်း အကျိုးမရှိ၊ ဒုစရိုက်အပြစ်အောက်၌ ရှိကြသေး၏။ ထိုမှတပါး ခရစ်တော်ကိုယုံကြည်၍ အိပ်ပျော်သောသူတို့သည် ဆုံးရှုံးခြင်းသို့ရောက်ကြပြီ။ ငါတို့သည် ခရစ်တော်ကိုအမှီပြု၍ ယခုဘဝ၌သာ မျှော်လင့်စရာရှိလျှင် အခြားသော သူအပေါင်းတို့ထက်သာ၍ ဆင်းရဲသောသူဖြစ်ကြ၏။ ယခုမူကား ခရစ်တော်သည် သေခြင်းမှ ထမြောက်တော်မူ၍ အိပ်ပျော်သောသူတို့ တွင် အဦးသီးသော အသီးဖြစ်တော်မူပြီ။** ၁ကော ၁၅း၁၄–၂၀

အခုယေရှုဟာ သေခြင်းက ရှင်ပြန်ထမြောက်ခဲ့တဲ့အတွက် ယုံကြည်သူများ ခန္ဓာ၊ စိတ်၊ ဝိညာဉ် ကောင်းစားခြင်း အခွင့်ကိုရခဲ့ပါပြီ။ **"ယေရှုသည် သေပြီးမှ တဖန်ထမြောက်တော်မူသည်ကို ငါတို့သည်ယုံလျှင်၊ ထိုနည်းတူ ယေရှု၌ အိပ်ပျော်သော သူတို့ကိုလည်း ထိုသခင်နှင့်အတူ ဘုရားသခင် ပို့ဆောင်တော်မူလိမ့်မည်။ ၁သက် ၄း၁၄"**

"ယေရှု ဘာကြောင့်သေရတာလဲ၊ တခြားဘာသာရေး ခေါင်းဆောင်တွေသေသလို သူလဲသေတာဘဲ၊" ဆိုတဲ့မေးခွန်းကို အခြားဘာသာဝင် မိတ်ဆွေတွေက မေးခဲ့ဖူးပါတယ်။ လက်ဝါးကပ်တိုင်ပေါ်မှာ တင်သတ်ခြင်းဟာ အလွန်ရက်စက်ကြမ်းကြုတ်၊ ရိုင်းစိုင်းတဲ့ အပြစ်ဒဏ်ခတ်ခြင်း ဘဲဖြစ်ပါတယ်။ ယေရှုခရစ်တော်ဟာ ဘာသာရေးခေါင်းဆောင် မဟုတ်ပါဘူး၊ သူတော်ကောင်း တစ်ယောက်လဲမဟုတ်ပါဘူး၊ လူ့ဇာတိခံတဲ့ ဘုရားစင်စစ်


မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်

ဖြစ်ပါတယ်။ ယေရှုဟာ သေစရာမလိုပါဘူး၊ လူတွေသတ်လို့ သေသွားတာ မဟုတ်ပါဘူး၊ အပြစ်ရှိတဲ့ လူသားတွေ အပြစ်ကလွတ်စေဖို့ လူတွေကိုယ်စား မိမိအသက်ကို မိမိဘာသာ စွန့်ပြီး အသေခံပေးခြင်း ဘဲဖြစ်ပါတယ်။ ယေရှုခရစ်ရဲ့ အသေခံခြင်းကို ရှုထောင့်တစ်ခုတည်းက တဘက်သတ် ကြည့်မယ်ဆိုရင်၊ ငွေအကြွေစေ့ရဲ့ မျက်နှာ တစ်ဖက်ထဲကိုပဲ ကြည့်တာနဲ့ တူပါတယ်။ ငွေအကြွေစေ့မှာ 'ခေါင်း' နဲ့ 'ပန်း' ဆိုတဲ့ မျက်နှာနှစ်ခု ရှိသလို၊ ယေရှုခရစ်ဟာ အသေခံခြင်းနဲ့ ရှင်ပြန်ထမြောက်ခြင်း ဆိုတဲ့ အချက်နှစ်ချက်ရှိပါတယ်။ ယေရှုခရစ် အသေခံခြင်းရဲ့ နောက်တဘက်ကို လှန်ကြည့်လိုက်ပါ။ သေခြင်းကို အောင်မြင်ပြီး ရှင်ပြန်ထမြောက်တဲ့ ယေရှုခရစ်တော်ကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဘယ်ဘာသာရေး ခေါင်းဆောင်ကမှ သေခြင်းက မရှင်ပြန်မထမြောက်ခဲ့ပါဘူး။

'ခေါင်း' နဲ့ 'ပန်း' မျက်နှာနှစ်ခုပေါင်းမှ ငွေအကြွေစေ့တစ်ခုဖြစ်သလို ဒီကမ္ဘာမြေကြီးပေါ်မှာ သာသနာပြုဖို့ ရောက်လာတဲ့ ယေရှုခရစ်တော်ရဲ့ သာသနာဟာ **အသေခံခြင်း နဲ့ ရှင်ပြန်ထမြောက်ခြင်း** ဆိုတဲ့ လုပ်ဆောင်ချက်နှစ်ခုရှိနေပါတယ်။ပထမတစ်ဘက်မှာ ယေရှုက "ဧလိ၊ ဧလိ၊ လာမရှာဗခသာနိ" ( အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား အဘယ့်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း) မာကု ၁၅း၃၄ လို့ကြွေးကြော်ခဲ့ပေမဲ့ အခြားတစ်ဘက်မှာတော့ " အမှုပြီးပြီ " လို့ကြွေးကြော် ခဲ့ပြန်ပါသေးတယ်။

ယေရှု ဘာကြောင့်သေရတာလဲ လို့မေးတဲ့သူများကို ပြန်ဖြေရမယ်ဆိုရင်တော့ လူသားတွေကိုကယ်တင်ဖို့ ယေရှုအသေခံခဲ့ပါတယ်လို့ အရှင်းလင်းဆုံးပြန်ဖြေပါရစေ။ ဒါပေမဲ့ ယေရှုခရစ်တော် ဟာထာဝရသေဆုံး သွားတဲ့သူ မဟုတ်ပါဘူး။ သုံးရက်မြောက်တဲ့နေ့မှာ သေခြင်းက ရှင်ပြန်ထမြောက်ခဲ့ပါတယ်။ ယေရှု ယနေ့ အသက်ရှင်နေပါတယ်။ အသက်ရှင်တဲ့ ယေရှုဘုရားရဲ့ မဟာတန်ခိုးတော်ကို မိတ်ဆွေ ခံစားရနိုင်ပါစေ။ ။ **( မင်းအောင်သက်လွင် )**

---

## ဝိညာဉ်တော်သည် ကောင်းကင်မှ ချိုးငှက်ကဲ့သို့ဆင်းသက်သည်



အောင်မြင်သောအသက်တာဖြင့် ကျွန်ုပ်တို့ မည်သို့ အသက်ရှင်နိုင်မည်နည်း။ ဘုရားသခင်အတွက် အကျိုးရှိအောင် မည်သို့ အစေခံနိုင်မည်နည်း။ ကိုယ်တော့်အတွက် ဝိညာဉ်များကိုမည်သို့ ရိတ်သိမ်းပေးနိုင်မည်နည်း။ ဤအရာများ အားလုံးကို ကျွန်ုပ်တို့၏ ကြိုးစား အားထုတ်မှုဖြင့် မစွမ်းဆောင်နိုင်ပါ။ ထိုအရာများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသီးဖြစ်သည်။

သစ်ပင်တစ်ပင်သည် အသီးသီးအောင် မလုပ်နိုင်ပါ၊ အသီးက သစ်ပင်ပေါ်တွင် သီးပွင့်လာခြင်းဖြစ်သည်။ ကျွန်ုပ်တို့ပေါ်တွင် သီးပွင့်လာသော အသီးသည်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသီးဖြစ်ရမည်။ ထိုအသီးသီးလာရန် ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ရမည်။ ထာဝရဘုရား၏ သစ်ပင်များသည် ဓါတ်မြေဩဇာနှင့် အစဉ်ပြည့်ဝနေသင့်ပါသည်။ ကျွန်ုပ်တို့ အပေါ် သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်ကြွလာစေလိုပါသလား။ သို့ပြုက ကျွန်ုပ်တို့လည်း နူးညံ့သိမ့်မွေ့နှိမ့်ချသော စိတ်သဘော ရှိလာပေမည်။ မကျိုးပဲ့သော ကျွန်ုပ်တို့၏ ဇာတိစိတ်မှ လာသောအရာများသည် ချိုးငှက် (သန့်ရှင်းသောဝိညာဉ်တော်) ၏ နူးညံ့သိမ်မွေ့ခြင်း နှင့် ဆန့်ကျင်သော သဘောရှိပါသည်။ (ဂလာတိ ၅း၂၂ ) သန့်ရှင်းသော ဝိညာဉ်တော်သည် ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း နှင့် ကာမဂုဏ် ချုပ်တည်းခြင်း ဖြစ်စေတတ်သည်။ ဇာတိစိတ် သဘောသည် ရက်စက်ကြမ်းကြုတ်ပြီး ဟိန်းသံပြုနေသော ဝံပုလွေနှင့်တူသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် နူးညံ့သိမ်မွေ့သော ချိုးငှက်နှင့်တူသည်။ အခြားသူများက ကျွန်ုပ်တို့ကို မမှန်ဘဲ အပြစ်တင်သောအခါတွင် ကျွန်ုပ်တို့ မည်သို့တုန့်ပြန်ခဲ့ပါသနည်း၊ ကျွန်ုပ်တို့ တိတ်ဆိတ်စွာ နေပါသလော၊ မနေပါ။ မိမိကိုယ်မိမိ မမှားကြောင်း ခုခံကာကွယ်ခဲ့ကြသည်။ မိမိသာ မှန်ကြောင်း ကြိုးစားပြသခဲ့ကြသည်။ ဒေါသထွက်ခဲ့ကြသည်။ သို့သော် ယေရှုသည် သိုးသူငယ်ကဲ့သို့ နူးညံ့သည်။

ကျွန်ုပ်တို့သည် နူးညံ့သိမ်မွေ့သော သိုးငယ်လိုဖြစ်လိုသော ဆန္ဒမရှိကြသောကြောင့် ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော်ရှိနေခြင်းနှင့် ကိုယ်တော်၏ ကောင်းကြီးမင်္ဂလာများကို မသိရှိ၊ မခံစားနိုင်ကြပါ။ ယေရှုကိုလူများက ရက်စက်စွာ ပြုမူဆက်ဆံခဲ့သလို ကျွန်ုပ်တို့ကို လူများက မဆက်ဆံကြပါ၊ သို့သော် ကျွန်ုပ်တို့တွင် ခါးသီးသော စိတ်သဘောများ ရှိနေသေးသည်၊ ထိုစိတ်သဘောက ကျွန်ုပ်တို့အား ညစ်ညူးစေပါသည်။ ခွင့်လွှတ် သည်းခံနိုင်သော စိတ်သဘော မရှိသောကြောင့် ကျွန်ုပ်တို့အထဲမှ သန့်ရှင်းသောဝိညာဉ်တော် ချိုးငှက်သည် အဝေးသို့ ပျံပြေးသွားရလေသည်။ ဇာတိစိတ်သဘောများသည် ကိုယ်တော်၏ ကောင်းကြီးများကို ကျွန်ုပ်တို့ မခံစားရအောင် တားဆီးနေသော အရာပင်ဖြစ်သည်။ ထိုဇာတိ စိတ်သဘောသည် အပြစ်ဖြစ်သည်။ ထိုအပြစ်မှ အမှန်တကယ် လှည့်ထွက်နိုင်ခဲ့လျှင် ကောင်းကြီးများကို လက်ဝယ်ပိုင်ပိုင် ရနိုင်ပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့တွင် ကျိုးပဲ့ကြေမွလိုသောစိတ် မရှိပါ။

သခင်ယေရှုသည် မိမိ၏ အဖိုးထိုက်သော အသွေးတော်ကို ကျွန်ုပ်တို့အတွက် သွန်းလောင်းပေးခဲ့သည်။ ကျွန်ုပ်တို့ဝန်ချသည့်အခါ ကိုယ်တော်သည် အပြစ်များကို ခွင့်လွှတ်လျက်၊ ဒုစရိုက်ရှိသမျှနှင့်လည်း ကင်းစင်စေပါသည်။ ဤနက်နဲသော အတွေးသည်၊ ကျွန်ုပ်တို့၏ မာနကြီးသော နှလုံးသားကို နောင်တဖြင့် ကြေကွဲစေပါသည်။ ဤအပြစ်များသည် သခင်ယေရှုကို ကျွန်ုပ်တို့အတွက် အသေခံစေသော အကြောင်းအရာ ဖြစ်သည်။ ထိုအပြစ်များအတွက် ကျွန်ုပ်တို့သည် အမှန်အကယ် နောင်တရရပေမည်။ ထို့နောက် ကျွန်ုပ်တို့၏ အသက်တာကို မှန်ကန်လာအောင် ပြုလုပ်လာနိုင်မည်။ ထိုအခါ သန့်ရှင်းသောဝိညာဉ်တော် ချိုးငှက်သည် ကျွန်ုပ်တို့၏ နှလုံးသား အတွင်းသို့ ငြိမ်သက်ခြင်းနှင့် ကောင်းကြီး မင်္ဂလာများကို ယူဆောင် လာပေလိမ့်မည်။ ။ **(ဒေါ်လေး ဟန္နာ )**



# ဆုတောင်းခြင်း



ကျွန်မမှာ ဆုတောင်းတတ်တဲ့ သူငယ်ချင်းများစွာရှိပါတယ်။ သူတို့ဆုတောင်းပေးရင် ကြားရတဲ့သူတိုင်းခွန်အားရပြီးတော့ ဒီဆုတောင်းတော့ပြည့်ပြီလို့ ခံစားရလောက်အောင် ဆုတောင်းကောင်းသူများဖြစ်ကြပါတယ်။ ကျွန်မကိုယ်တိုင်ကတော့ သူတို့နဲ့ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ ကျွန်မဆုတောင်းရင် တိုတိုပြတ်ပြတ်နဲ့ ကျေးဇူးတော်ချီးမွမ်းတာလဲမပါ၊ အပြစ်အတွက် တောင်းပန်တာလဲမပါ၊ သူတစ်ပါးအတွက်လဲမပါ၊ ကိုယ့်အတွက်ဘဲ တောင်းတတ်ခဲ့ပါတယ်။ သူတစ်ပါးက ကျွန်မကို ဆုတောင်းဦးဆောင်ဖို့ ပြောတဲ့အခါတိုင်း ကျွန်မအပြင်းအထန် ငြင်းဆန်ခဲ့ပါတယ်။ ဆုမတောင်းတတ်ဘူးလို့လဲပြောခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာစကားပြောရင်တောင် သူတစ်ပါးနားဝင်ချိုအောင် မပြောတတ်တဲ့သူ ဖြစ်နေလို့ပါပဲ။ အချက်ကျကျနဲ့ ထိထိရောက်ရောက်ဖြစ်အောင်လည်း မပြောတတ်ပါဘူး၊

ဒါကြောင့်ကျွန်မကိုယ်ကျွန်မ ယုံကြည်စိတ်ချမှုမရှိဘဲ ဖြစ်နေပါတယ်။ ကျွန်မဆုတောင်းခဲ့ရင် သူတို့ခွန်အားကြမှာမဟုတ်ဘူးလို့ ထင်တဲ့အတွက် ကျွန်မငြင်းဆန်ခဲ့တာပါ။ လူအများရှေ့မှာထွက်ပြီး ဆုတောင်းပေးဖို့လဲ သတ္တိမရှိခဲ့ပါဘူး။

ကျွန်မကိုယ်တိုင် ဆုမတောင်းတတ်တဲ့အတွက် ဆုတောင်းတတ်တဲ့သူတွေကိုတွေ့ရင် ကျွန်မအရမ်းသဘောကျပါတယ်။ အားလည်းကျပါတယ်။ သူတို့လိုလည်း ဆုတောင်းတတ်ချင်ခဲ့ပါတယ်။ ဒါကြောင့်ကျွန်မ ဘုရားသခင်ဆီမှာဆုတောင်းပါတယ်။ "ကိုယ်တော်၊ တပည့်တော်ကို ဆုတောင်းတတ်အောင် သင်ပေးပါ " လို့ပြောခဲ့ပါတယ်။ တစ်နေ့တော့ ကျွန်မ အအေဒိုင်ဒီအက်(စ) နဲ့ပါတ်သက်တဲ့ စာအုပ်လေးတစ်အုပ်ကိုဖတ်ရင်း ဆုတောင်းမေတ္တာစာတစ်ပုဒ်ကိုတွေ့မိပါတယ်။ "သူတော်စင် ဖရန့်စစ်အစီစီ " ရေးသားခဲ့တဲ့ မေတ္တာစာလေးဖြစ်ပါတယ်။ ဖတ်ပြီးပြီးချင်းဘဲ ကျွန်မအဲဒီဆုတောင်းချက်လေးကို အရမ်းကြိုက်သွားပြီးတော့ အလွတ်ရအောင်ကျက်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ဒီဆုတောင်းချက်လေးကို ကျွန်မဝမ်းနည်းတဲ့အခါ၊ ပျော်ရွှင်တဲ့အခါ၊ စိတ်ပျက် စိတ်ဆိုးတဲ့အခါ၊ အချိန်တိုင်းမှာ ရွတ်ဆိုပြီး ခွန်အားယူခဲ့ပါတယ်။

ကျွန်မအတွက်တော့ ဒီဆုတောင်းချက်ဟာ အကောင်းဆုံးနဲ့ အနှစ်သက်ဆုံးဖြစ်ပါတယ်။ ဆုတောင်းရုံသာမကဘဲ လက်တွေ့လိုက်နာကျင့်ကြံနိုင်မယ်ဆိုရင် ကိုယ်ကိုယ်တိုင်အတွက်သာမက၊ သူတစ်ပါးအတွက်၊ ဆင်းရဲဒုက္ခရောက်သူများအတွက်၊ ပူဆွေးဝမ်းနည်းနေသူများအတွက်၊ အပါယ်ခံရသူများအတွက်၊ ပစ္စုပ္ပန်အတွက်၊ အနာဂါတ်အတွက်၊ နောင်ဘဝအတွက်ပါ အကျိုးရှိစေမယ်လို့ ကျွန်မယုံကြည်ပါတယ်။ အဲဒါကြောင့် ဒီဆုတောင်းချက်လေးကို အားလုံးသိစေဖို့အတွက်ဝေမျှချင်ပါတယ်။ မြန်မာလို ဘာသာပြန်ထားတာ ရေးပေးလိုက်ပါတယ်။

အို- သခင်ဘုရား တပည့်တော်ကို ကိုယ်တော်၏ ငြိမ်းချမ်းရေးကိရိယာ အဖြစ်အသုံးပြုတော်မူပါ။
မုန်းတီးခြင်းရှိသော နေရာ၌ ချစ်ခင်လေးမြတ်ခြင်း၊
ယုံမှားခြင်း ရှိသောနေရာ၌ ယုံကြည်ခြင်း၊
စိတ်ပျက်ရသော နေရာ၌ မြော်လင့်ခြင်း၊
မှောင်မိုက်သော နေရာ၌ အလင်း၊
စိတ်ညစ်ရသော နေရာ၌ ပျော်ရွှင်ခြင်း စိုက်ပျိုးနိုင်ပါစေ။



အိုဘုရားရှင် နှစ်သိမ့်မှု ခံရခြင်းထက် သူတစ်ပါးကို နှစ်သိမ့်စေခြင်း၊
ကိုယ်ကို သိနားလည်စေခြင်းထက် သူတပါးအား သိနားလည်ခြင်း၊
အချစ်ခံရခြင်းထက် သူတစ်ပါးကိုချစ်ခြင်း ကျေးဇူးကိုပေးတော်မူပါ။
အဘယ်ကြောင့်ဆိုသော် ပေးကမ်းခြင်းအားဖြင့် ကျွန်ုပ်တို့ ရရှိပြီး
ခွင့်လွှတ်ခြင်း အားဖြင့် ခွင့်လွှတ်ခြင်းခံရကာ
သေခြင်းအားဖြင့် ရှင်ပြန်ထမြောက်သောကြောင့်တည်း။

ဒီဆုတောင်းချက်လေးအတိုင်း ကျွန်မတို့ခံယူကျင့်သုံး လိုက်နာနေထိုင် ကြမယ်ဆိုရင် ကျွန်မတို့ရဲ့ အနီးအနား ပတ်ဝန်းကျင်၌ ရှိသောသူများသာ မကဘဲ၊ တစ်ကမ္ဘာလုံးမှာ ငြိမ်းချမ်းသာယာခြင်း ရှိလာမယ်လို့ ကျွန်မယုံကြည်ပါတယ်။ ငြင်းပယ်စွန့်ပစ်ခံရသူများ၊ အိမ်မဲ့ယာမဲ့သောသူများ၊ ဆင်းရဲဒုက္ခအမျိုးမျိုးကြုံတွေ့နေရသူများနဲ့ အပါယ်ခံလူသားများအတွက် နေရာတစ်နေရာသာမကဘဲ နေရာများစွာ ဖန်တီးပေးနိုင်မှာ ဖြစ်တဲ့အကြောင်း ရေးသားရင်းဝေမျှလိုက်ပါတယ်။။ [ ဂျူးဂျူ ]

# သခင်နဲ့



နေပူမရှောင်၊ မိုးရွာထဲလည်း
လျှောက်လှမ်းရဲတယ်၊
သခင့်နဲ့ ။

လှိုင်းလေ ကထန်၊ မုန်တိုင်းမာန်လည်း
လှော်ခတ်ရဲတယ်၊
သခင့်နဲ့ ။

ရွှေငွေ ဓန မရှိတဲ့ ဘဝလည်း
စိတ်မပျက်ဘူးကွယ်၊
သခင့်နဲ့ ။

သခင်မရှိခဲ့လျှင်
ကုံလုံကြွယ်ဝ
ပြည့်စုံတဲ့ ဘဝနဲ့
ပန်းခင်းတဲ့ လမ်းထဲ
လျှောက်လှမ်းလည်းဘဲ
ရင်မှာဟာမြဲ
ဉာဏ်ကမွဲလို့
အောင်မြင်ဖို့ အတွက်
လမ်းပျောက်လို့ခက်
ဒီ တစ်သက်ဝယ်၊ ဖြစ်နေမယ် သခင်။ ။

**မြက်ရိုင်း(သီးမဲ) နှင့် ကိုစိုးနိုင်ဦး**



# စေတနာတစ်လမ်းသွား

ကဗျာဒဿန



အသက်ငင်နေတဲ့ ရဲဘော်
'မကြည့်ရက်လို့' လက်ညှိုးလေးကွေး
ဇီဝိန်ခြွေလိုက်တဲ့ ဗိုလ်ကြီးရဲ့ စေတနာ။
လူနာကုတင်ပေါ်က
ကြွေလုလု ရော်ရွက်ဝါ
မြေကပ္ပလာပေါ် မသက်ဆင်းခင်
ဝေဒနာ ဂယက် စစ်တလင်းမှာ
ဆံ့ငင်ဆံ့ငင် အယူခံဝင်နေရတာ
'မကြည့်ရက်လို့' သက်ပြင်းပူပူလေးတစ်ချက်
လေအဟုန့်နဲ့ ရောပြီး
ရွက်ကြွေတောကို ပို့ပေးချင်တဲ့
ဆရာမလေးရဲ့ စေတနာ။
အဖြူရောင် စေတနာမှာ
အစိမ်းရောင် ဝေဒနာ အနားကွပ်တွေနဲ့
တစ်ခါတစ်ရံ ရင်တွင်းဖြစ် ပန်းချီကားဟာ
နားလည်ရခက်တဲ့ မော်ဒန်ပန်းချီကား တစ်ချပ်လိုပ။
မကြည့်ရက်တဲ့ စေတနာမှာ
မထမ်းလိုတဲ့ ဝန်ထုတ်တွေကြားက
ဝတ်ဖြူစင်ကြယ် အတ္တတစ်ခု
လှစ်ပြလို့ မရတဲ့ အဇ္ဈတ္တကို
စနစ်တကျ သရုပ်ခွဲကြည့်ချင်သူများ
ရင်ထဲမှာတော့ ဟာရီကိန်း အကြီးစား။
ကရာနီရဲ့ စေတနာ ရပ်ဝန်းမှာ
မျက်ရည်မိုးတွေ အစား
ဝေဒနာ ဝန်ထုတ် တနင့်တပိုးနဲ့
သွေးပင်လယ်ကြီးတစ်ခု ရှိခဲ့ဖူးတယ်။

ကရာနီ ရဲ့လက်ဟာ
မီးစနဲ့ ရေမှုတ်ကို မဆုပ်
ကားတိုင်မှာ တုပ်ပြီး နှလုံးသားကိုခွဲ
စေတနာ တစ်လမ်းသွားကို ဆွဲပြခဲ့ဖူးတယ်။



ကမ္ဘာဦးကတည်းက မညီတဲ့ သံစဉ်တစ်ခု
လူတတ်လုပ် ညှိချင်သူတော့ မဟုတ်ရပါသခင်၊
အသုံးခံနဲ့ အသုံးချတို့ရဲ့
ကွဲပြားတဲ့ ဝိသေသကို
လောကီရဲ့ ပေတံနဲ့ တိုင်းမိတိုင်း
ရင်မှာမုန်တိုင်း ထန်ခဲ့တဲ့ညတွေ
တစ်ထောင့်တစ်ည ပုံပြင်နဲ့ ရောသိပ်ခဲ့တာ
ကြာခဲ့ပါရောလား။
ဒါပေမဲ့ သခင်ရယ်
သခင့်စကား နားမှာကြားလည်း
သခင့်ရဲ့ စံ နှလုံးက လက်ခံလည်း
လောကီရဲ့ ဓား ပါးပါးလှီးခံနေရချိန်
ရာဂ ရဲ့ ဆားပက်ခံရချိန်
အစ်ဇင်း ပေါင်းစုံ မှိုင်းတိုက်ခံနေရချိန်
ဝါဒ ပေါင်းစုံ အပ်လုစိုက်နေချိန်
သခင့်ရဲ့ အစေခံ၊ အသုံးခံလမ်းမှာ
Necktie နဲ့ ခုံဖိနပ်စီးရင်း
ကန့်လန့်ဖြတ် ဂွတိုက်နေတဲ့
ကြက်သီးနွေး ဝိညာဉ်ရေး နူနာပိုးကို
နှလုံးသားထဲကအမြစ်ဆုံးဆွဲထုတ်ပေးပါတော့
သခင်ရယ်။။ ( *ဝင်းမြင့်ဦး* ) (၁၃-၂-၂၀၀၂)

---

## ရှောလမုန်ပဟေဠိအဖြေညီရအောင် [၆]

ကျမ်းဂန်အထောက်အထားမရှိပေမဲ့၊ တယောက်စကားတယောက်နား၊ ကြားရဖန်များတဲ့အခါ ပါးစပ်ရာဇဝင်လို့ဖြစ်လာတတ်ပါတယ်။ ရှောလမုန်မင်းကြီးလို့ပြောလိုက်ရင်ဘဲ ဂျူးလူမျိုးသမိုင်းမှာပညာအားဖြင့်ထင်ရှားလှတဲ့၊ ဘုရင်တပါးလို့ လူတိုင်းကသိကြတယ်။ သို့ပေမဲ့ ကျမ်းစာထဲမှာဖေါ်ပြထားခြင်းမရှိတဲ့ ပါးစပ်ရာဇဝင်ထဲက ရှောလမုန်မင်းကြီးရဲ့ ဉာဏ်ရည်စစ်တမ်းတပုဒ်ကို ပဟေဠိလိုလုပ်ပြီးဝေမျှလိုက်ပါတယ်။ အဖြေထုတ်ကြည့်ကြပါစို့လား။ ယာဝေဟဘုရားရဲ့အိမ်တော်အဖြစ် ဗိမာန်တော်ကြီးဆောက်လုပ်ပြီးစီးလို့ရှောလမုန်မင်းကြီးက အနုမောဒနာ ပွဲနေဆဲအချိန်ဖြစ်ပါတယ်။ သူငယ်ချင်းတွေ ဖြစ်ကြတဲ့ ရေမာယာ နဲ့ ဘင်ဇာလာ ဆိုတဲ့ လူငယ်လေးနှစ်ဦးဟာ အတူတကွ ယေရုရှလင်မြို့ကို ဘုရားဖူးထွက်ခဲ့ကြတယ်။ ခရီးတထောက်နားပြီး စားသောက်ဖို့ ပြင်နေတုံးသူတို့လိုဘဲ ခရီးသွားတဦးဖြစ်တဲ့ အဘိုးအိုဦးပါစီ၊ အနားရောက်လာပြီး သူ့မှာအစာရေစာမပါလာလို့ဝေမျှဘို့ ပြောပါရောတဲ့။ စစ်ကြည့်လိုက်တော့ ရေမာယာမှာ မုန့်၅လုံး၊ ဘင်ဇာလာမှာ မုန့်၃လုံးရှိသေးတယ်။ လူသုံးဦးစားလောက်တာမို့ အညီအမျှဝေပြီးစားလိုက်ကြတယ်။ စားလို့ပြီးတဲ့အခါ အဘိုးအိုဦးပါစီက ကျေးဇူးတင်စွာနဲ့ ရွှေဒင်္ဂါး(၈)ပြားကိုပေးခဲ့ပြီး လိုရာခရီးဆက်သွားပါလေရော။

သူငယ်ချင်းနှစ်ဦးမှာတော့ပြသနာကခုမှစပြီလေ။ရေမာယာရဲ့ဆန္ဒ၊သူကမုန့်၅လုံးဘင်ဇာလာကမုန့်၃လုံးထည့်ဝင်ကြတာမို့သူကရွှေဒင်္ဂါး၅ပြားဘင်ဇာလာကရွှေဒင်္ဂါး၃ပြားရသင့်တယ်ပေါ့။ ဘင်ဇာလာရဲ့သဘောကတော့ အားလုံးအညီအမျှစားကြတာမို့ တယောက်၄ပြားစီ ဝေသင့်ပါတယ်တဲ့။ ရွှေငွေနဲ့ ပတ်သက်လာတဲ့အခါ သူငယ်ချင်းတွေလဲ စိတ်ဝမ်းကွဲတတ်စမြဲပါဘဲနော်။ သူတို့နှစ်ယောက်ရဲ့အငြင်းပွားမှုကို ဘယ်သူကမှကျေနပ်အောင် ဖြေရှင်းမပေးနိုင်ဘူး။ ကြံရာမရတဲ့အဆုံး ရှောလမုန်မင်းကြီး ရှေ့တော်မှောက်ဒူးထောက်ခစားရင်း ကျေးတော်မျိုး ကျွန်တော်မျိုးတို့ရဲ့ အခက်အခဲကိုသနားငဲ့ညှာ အဖြေရှာပေးပါလို့ လျှောက်ထားတောင်းပန်ကြရတော့တယ်။

သူတို့ပြသနာက ရှောလမုန် မင်းကြီးအတွက် အင်မတန်မှလွယ်လွန်းနေတာမို့ စဉ်းစားနေဘို့တောင်မလိုဘဲ သချာ်နည်းနဲ့ အတိအကျဖြေရှင်းဆုံးဖြတ်ပေးလိုက်ပုံက "မုန့်၅လုံးပိုင်ရှင် ရေမာယာက ရွှေဒင်္ဂါး၇ပြားယူစေ၊ မုန့်၃လုံးပိုင်ရှင် ဘင်ဇာလာက ရွှေဒင်္ဂါး၁ပြားယူစေ"တဲ့။ ကာယကံရှင် များနဲ့တကွ တရားစီရင်ဆုံးဖြတ်ရာ နန်းရင်ပြင်မှာရှိနေကြတဲ့ မင်းပရိတ်သတ်တွေလဲထူးဆန်းတဲ့ မင်းကြီးရဲ့စီရင်ချက်ကြောင့် မိန်းမောတွေဝေကုန်ကြတယ်။ အံ့သြမိန်းမောခြင်းတွေ ပြေပျောက်တဲ့အခါမှာတော့ သက်တော်ရှည်အမတ်ကြီးဖြစ်တဲ့ အဘိုးလျောဇာ က 'မှန်လှပါ၊ ဉာဏ်နုံ့သော ကျွန်တော်မျိုးတို့ နားလည်ရပါမည့်အကြောင်းရှင်းလင်းသွန်သင်တော်မူပါ'လို့ လျှောက်ထားလိုက်ပါတယ်။ ဒီအခါမှာ မင်းကြီးကဘာကြောင့် ဒီလိုဆုံးဖြတ်ရကြောင်း ကောင်းကောင်းကြီး ရှင်းပြလိုက်တဲ့အခါ ကာယကံရှင်များရော မင်းပရိတ်သတ်ပါ အားလုံးကျေနပ်သွားကြတယ်။ ဘုရားရှင်ဂုဏ်တော်ကိုချီးမွမ်းရင်း ရှောလမုန်မင်းကြီးရဲ့ဉာဏ်စွမ်းကိုလဲ ရင်သပ်ရှုမောအံ့သြရင်း ကိုယ့်ဝေစုဒင်္ဂါးပြားလေးတွေကိုယူပြီး ဝမ်းမြောက်ဝမ်းသာ ထွက်ခွာသွားကြပါရောတဲ့။

ကဲ၊ ချစ်သောမိတ်ဆွေတို့ ရှောလမုန်မင်းကြီးလောက် ဉာဏ်မကြီးပေမဲ့လဲ ကိုယ့်နည်းကိုယ့်ဟန်လေးနဲ့ပေါ့လေ – ဘုရင်ကြီးရဲ့ အတွက်အချက်ကလေးကို တရက်နှစ်ရက်လောက်တွေးပြီး စဉ်းစားအဖြေရှာပေးနိုင်မလား။ ပြိုင်ပွဲမဟုတ်တဲ့အတွက် ဘာဆုမှတော့ ရမှာမဟုတ်ဘူး။ သို့ပေမဲ့ဦးနှောက်ဓားကလေးကို ထက်ထက် သွေးချင်သူများအတွက်တော့ စိတ်ဝင်စားစရာကောင်းတဲ့ ပုစ္ဆာလေးပါဘဲ ။

နောက်တနင်္ဂနွေဝတ်ပြုစည်းဝေးမှာ ရှောလမုန်မင်းကြီးရဲ့တွက်နည်းကိုဖေါ်ပြထားတဲ့ စာရွက်ကလေး နောက်ဖက်က ကြေငြာသင်ပုန်းမှာ ကပ်ထားပေးပါမယ်။ စိတ်ပါဝင်စားသူများ ကိုယ့် အဖြေ မှန်၊ မမှန် တိုက်ဆိုင်စစ်ဆေးကြည့်နိုင်ပါကြောင်း ။ သခင်ယေရှု၏ နာမတော်သည် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူပါစေသောဝ်။ ။

*မိုးညို၊* ရှာဖွေတင်ပြသည်။

ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်ရင်ရူဝင်သောကဖြစ်သွားမယ်၊ ကိုယ့်ကိုယ်ကိုပြန်ကြည့်ရင်စိတ်ဓါတ်ကျသွားမယ်၊ ခရစ်တော်ကိုမျှော်ကြည့်ရင်ကောင်းကြီးမင်္ဂလာခံစားရမယ်။

လူကို အားကိုးတဲ့သူဟာ လူ့တစ္စမ်းတစကိုဘဲ သိမြင်ခံစားရမယ်၊ ဘုရားကို အားကိုးတဲ့သူကတော့ ဘုရားရဲ့တန်ခိုးနဲ့ တစ္စမ်းတစကို သိမြင်ခံစားရမယ်။

ဝေဒချက်

# ကျွန်မ၏ မှတ်ဉာဏ်လေးများအကြောင်း



မျက်လုံးအိမ်မှ မျက်ရည်များအား အလဟဿ ထုတ်ပစ်ရမည်ကို နှမြောမိ၍ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ဒေါသထွက်မှုကို ချုပ်တည်းပစ်လိုက်သည်။ မှတ်ဉာဏ်မကောင်းသော လူသားတစ်ဦး၏ ပေါ့ဆမှုကို အလိုလိုမုန်းတီးလာသည်။ အလုပ်နှင့်အချိန်ကို တန်ဖိုးထားရမှန်းသိလျက်နှင့် အလုပ်နောက်ကျပေါင်း မနည်းတော့ပြီ။ ကြိုတင်ပြင်ဆင်ထားသော်လည်း မေ့တတ်သော စရိုက်ကြောင့် အယောင်ယောင်အမှားမှားနှင့် အမြဲလိုလို အခက်ကြုံရသည်။ နှစ်သစ်တွင် စိတ်တိုတတ်သော စရိုက်ဆိုးကို လုံးဝ ပျောက်ပစ်မည်ဟု ဆက်ကပ်ထားချိန်တွင် မေ့တတ်သော မှတ်ဉာဏ်များကြောင့် မကြာခန စိတ်တိုရပြန်သည်။

အပြင်ထွက်သောအခါ မိုးရွာပါကထီးယူရန် သတိရသော်လည်း မိုးတိတ်သွားပါက ထီးမေ့ကျန်ခဲ့တတ်၍ အစားပြန်ဝယ်ပေးရပေါင်းများပြီ။ မိမိအတွက် လိုအပ်သော အလှအပ အသုံးအဆောင်များကို ဝယ်ရန် တွန့်တိုတတ်သော ကျွန်မသည် မှတ်ဉာဏ်မကောင်း၍ ပျောက်ရခဲ့သော ပစ္စည်းများကို အစားပြန်ဝယ်ပေး ခဲ့ရသောကြောင့် အိပ်မပျော်၊ စားမဝင်ဖြစ်ခဲ့ဖူးသည်။ ကလေးကျောင်းကြိုကျောင်းပို့ရန် အိမ်ရှင်က ဝယ်ပေးထားသော ဘတ်(စ)ကဒ်များသည်လဲ မကြာခနပျောက်လေ့ရှိသည်။ ထိုအခါမျိုးတွင် ဒေါသထွက်လွန်း၍ တစ်လတိတိ ကျမ်းစာဖတ်ခြင်းနှင့် ဆုတောင်းခြင်းကို ရပ်ထားလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မသည် ကလေးကျောင်းကြို၍ ဘတ်(စ)ကားစီးတိုင်း ဆုတောင်းလေ့ရှိပါသည်။ ထိုကဲ့သို့ ဆုတောင်းသည့်ကြားမှ ဤကဲ့သို့ဖြစ်ရကောင်းလားဟု ဒေါသထွက်၍တရားခံ ရှာလိုက်ခြင်းသာဖြစ်ပါသည်။

မနက်တိုင်း ဖုန်းခိုးပြောလွန်း၍ နေ့လည်စာစားရန်မေ့ပေါင်းများခဲ့ပြီ။ စာဖတ်ချိန်တွင် တပ်လေ့ရှိသော မျက်မှန်အား မျက်မှန်အိတ်ထဲတွင် ထည့်ထားလျက်နှင့် သတိမေ့ပြီး တအိမ်လုံး ဒေါင်းတောက်အောင် ရှာရပေါင်းများပြီ။ ကျွန်မ၏ လခနှင့်ညီမျှသော အိမ်ရှင်ဆရာ၏ ရုံးသွား ဘောင်းဘီရှည်အား ပိုက်ထဲတွင်ထဲ့၍ ရေအေးနှင့်လျှော်ရမည်ကို မေ့ကာ ရိုးရိုးလျှော်ခဲ့မိ၍ ပျက်ဆီးစ ပြုလာသောအခါ ကိုယ်မဟုတ်သလိုနှင့် အိမ်ရှင်ကို ဘူးခံခဲ့ရပေါင်းများခဲ့ပြီ။ ကျေးဇူးတော်ကြောင့် ကျွန်မထိန်းရသော ကလေးသည် စကားမပြောတတ်သော ဆွံ့အ နေသူဖြစ်နေသဖြင့် ကျွန်မ၏ အမှားများကိုသူ၏ မိဘအားပြန်တိုင် ပြောနိုင်စွမ်းမရှိခဲ့ပါ။ သူသာ စကားပြောတတ်ပါက ကျွန်မ အတိုင်ခံထိမှာ မြေကြီးလက်ခတ်မလွဲပင်။ ( ဟူး – ရင်မောစရာပါလား )

ကဲ – ထားလိုက်ကြစို့၊ ထိုအရာများသည် မှတ်ဉာဏ်မကောင်းမှုကြောင့် နှစ်ဟောင်းတွင် ဖြစ်ပျက်ခဲ့သော အကြောင်းအရာတစ်ချို့ ဖြစ်ပါသည်။ ယခု နှစ်သစ်တွင် ထိုကဲ့သို့မဖြစ်စေရဘဲ၊ စိတ်သစ် လူသစ်နှင့်အသက်ရှင်တော့မည်ဟု ဒေါသ၊ မောဟ၊ မာနတရား အားလုံးကို ဘုရားရှင်ထံ ပုံအပ်ကာ ဆက်ကပ်ခဲ့ပါသည်။

သို့သော်လည်း နှစ်စ အဝင်မှာပင် ရာဇဝင်လေးနှင့်စတင်ခဲ့ပါသည်။ ထိုမေ့တတ်သော မှတ်ဉာဏ်ကြောင့် ၂–၁–၂၀၀၂ ကျောင်းသားများ အတန်းသစ် စတက်ရမည့် နေ့မှာပင် ပြဿနာက စပါတော့သည်။ ကျွန်မ အကြိုအပို့ လုပ်နေရသော ကလေး၏ စာသင်ကျောင်းမှာ အိမ်နှင့်အတန်ငယ်ဝေးသောကြောင့် ဘတ်(စ)ကားစီး၍ သွားရပါသည်။ ကျောင်းစအပ်ရမည့်နေ့ ဖြစ်သောကြောင့် ကလေးအတွက်လိုအပ်သော ကျောင်းဝတ်စုံဖိုး၊ ဘတ်(စ)ကားခ၊ စာရွက်စာတမ်းနှင့် ကျောင်းလခငွေဖြတ်ပိုင်းစာရွက်များကို ညကတည်းက အဆင်သင့်ဖြစ်အောင် ပြုလုပ်ထားခဲ့ပါသည်။ စိတ်ထဲမှလည်း မေ့တတ်လွန်းသော မိမိကိုယ်ကို စိမ်ခေါ်သည့် အနေဖြင့် ‘ဟဲဟဲ မေ့အုံးလေ၊ ဒီတစ်ခါတော့ အားလုံး အဆင်သင့်ဖြစ်အောင် လုပ်ထားပြီးပြီ’ ဟု ကြုံးဝါးလိုက်ပါသေးသည်။ နောက်တစ်နေ့မနက် ကျောင်းသွားရန် အချိန်ကျလာသောအခါ အိမ်ထဲတွင် ဘာတစ်ခုမှ မေ့မကျန်ရစ်စေရန် ဂရုတစိုက်နှင့် ပြူတင်းတံခါးပိတ်၊ တီဗွီပိတ်၊ မီးဖိုပိတ်၊ မီးခလုတ်ပိတ်၊ ပန်းကန်ခွက်ယောက်များ နေသားတကျ ထားပြီးမှ အိမ်တံခါးမကြီးကို သော့ခတ်ကာ စိတ်အေးချမ်းသာစွာဖြင့် ထွက်လာခဲ့ပါသည်။

သို့သော် – ဘတ်(စ)ကားမှတ်တိုင် မရောက်ခင်မှာပင် အသိစိတ်မှ နှိုးဆော်မှုကြောင့် ကျောင်းလခ ငွေလွှဲဖြတ်ပိုင်းစာရွက် ပါမပါစစ်ဆေး ကြည့်သောအခါတွင် ကျွန်မဇောချွေးပျံခဲ့ရပါသည်။ ရင်တုန်ပန်းတုန်နှင့် လွယ်ထားသော အိတ်ထဲတွင် ရှာကြည့်သော် မတွေ့ပါ။ အိမ်သို့တစ်ခေါက်ပြန်၍ ထင်သည့်နေရာများကို ထပ်ခါတလဲလဲ ရှာသော်လဲမတွေ့ပါ။ ဒုက္ခတော့ ကောင်းကောင်းရောက်ပြီ၊ မဟုတ်ပါဘူး၊ သေချာအောင်အိတ်ထဲထည့်ထားတာ ခြေထောက်ပေါက်ပြီး ဘယ်ရောက်သွားရတာလဲ ဟု မကျေမချမ်းနှင့် ဒေါသ ထွက်လာသည်။ ဘုရားရှင် ကယ်ပါဟုလဲဆုတောင်းမိသည်။ ကိုယ်ပိုင် စာရွက်စာတမ်းများ ရှုပ်ပွသွားအောင် ရှာသော်လဲမတွေ့၊ မျက်ရည်များ စီးကျလာသည်။ နှုတ်ခမ်းနှစ်လွှာကို ပြတ်လုမတတ်ကိုက်ထားရင်း တက်ခေါက်မိသည်။ အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်းဟု ဘုရားရှင်ကို မိုက်မဲစွာ မေးခွန်းထုတ်မိသည်။

ကျောင်းချိန် နောက်ကျနေပြီ ဖြစ်သောကြောင့် ကျောင်းလခ ငွေလွှဲ ဖြတ်ပိုင်း မှငွေနှင့် တန်ဖိုးညီသောငွေကို အစားထိုးလျော်ကာ စိုက်သုံးထားရန် လုပ်ခငွေထဲမှ ငွေသားတစ်ချို့ကို ထုတ်ယူလိုက်ရပါသည်။ ထို့နောက် ကလေး လက်ကို ဆွဲ၍ ကျောင်းသို့ အမှီပြေးရပါတော့သည်။ ကျောင်းသို့သွားမည့် ဘတ်(စ)ကားမှတ်တိုင်တွင် ကားကိုစောင့်ရင်း ‘ဒီအိတ်စုတ်ထဲမှာ ညက ငါသေသေချာချာ ထည့်ထားတာ အခုမှ ဘာလို့မရှိရတာလဲ’ ဟုဆိုကာ လွယ်အိတ်ကို စိတ်တိုတိုနှင့်ထုရိုက်လိုက်ပြီး မယုံသင်္ကာနှင့် အိတ်ကို နောက်ဆုံးအကြိမ် ဖွင့်၍ရှာမိပါသည်။ ထိုအခါ အိတ်ထဲတွင်ထည့်ထားသော တိုလီမုတ်စများကြားမှ မောကြီးပန်းကြီးနှင့် ရှာဖွေခဲ့ရသော ကျောင်းလခ ငွေလွှဲဖြတ်ပိုင်း စာရွက်လေးကို အခန့်သားတွေ့လိုက်ရပါတော့သည်။ ( ဂလု – ရင်ထဲမှ အပူလုံးကျသံ ) ရင်ဘတ်ကို လက်နှင့်ဖိ၍ ‘တော်သေးတာပေါ့ဟယ်’ ဟုရေရွတ်ရင်း ဘုရားရှင်ကို ကျေးဇူးတင်ရန်မေ့သွားပါသည်။

ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းကို စမ်းစစ်မိသော် နှစ်သစ်ကြိုသည့် သန်းခေါင်ယံညတွင် မိမိတွင်ရှိနေသော စိတ်တိုမှု၊ သည်းမခံနိုင်မှု၊ ဒေါသကြီးမှု၊ မနာလိုမှု ဟူသည့် နှစ်ဟောင်းမှ အကျင့်ဟောင်းများကို ဘုရားရှင်ထံအပ်နှံ၍ အကောင်းဆုံး အသက်ရှင်ရန် ဆက်ကပ်ခဲ့သော်လဲ အရေးကြီးသော အကျင့်စရိုက် တစ်ခုကို ဘုရားရှင်ထံအပ်နှံရန် ကျွန်မမေ့လျော့မိခဲ့သောကြောင့် ပင်ဖြစ်ပါသည်။ ထိုအရာသည်ကား မိမိဦးဏှောက်မှ အမှတ်သညာနည်း၍ ပေါ့လျော့တတ်သော စရိုက်လေးနှင့် အလွန်မေ့တတ်သော မှတ်ဉာဏ်လေးပင် ဖြစ်ပါသည်။

မိတ်ဆွေ – မေ့လျော့တတ်သည့် မှတ်ဉာဏ်များကြောင့် ပညာသတိ ကင်းမဲ့သောသူ ဖြစ်လာနိုင်ပါသည်။ ထို့အပြင်ဘုရားရှင်၏ နှုတ်ကပါတ်တရားများကို ပါ မေ့လျော့လာနိုင်၍ ကျွန်ုပ်ကဲ့သို့ ပေါ့လျော့သောသူ မဖြစ်ရန် စေတနာရှေ့ထား၍ သတိတရ ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ။

စာဖတ်သူ အားလုံးကျန်းမာ ရွှင်လန်းနိုင်ကြပါစေ။

ဆက်လက် ကြိုးစားရေးသားနေအုံးမည့်

*ဆူးရင့်စိမ်း* (ခေတ္တ – စင်ကာပူ )

မည်သူမဆို စာမူများ ရေးသားပေးပို့ နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂဏနှင့် ငြိစွန်းပတ်သက်သော စာမူများကို လုံးဝ လက်မခံပါ။)
MIN AUNG THET LWIN 4 TUAS AVE 10 SINGAPORE 639128

ကြီးမားတဲ့ ပြဿနာကို သေးငယ်သွားဖို့ ဆုမတောင်းပါနဲ့၊ တဲဒီ ပြဿနာကြီးကို ဖြေရှင်းနိုင်ရန် သန်စွမ်းတဲ့ ခွန်အားရှိဖို့ ဆုတောင်းပါ၊၊

# ဘုရားသခင့်လူများ [နှင့်] စာတန်၏အထိရောက်ဆုံးလက်နက်



ဘုရားသခင်၏ လူများကို အလဲထိုးရာတွင် စာတန်၏ အထိရောက်ဆုံး လက်နက်မှာ မတရားသော မေထုန် ဖြစ်သည်။ ( တောလည်ရာ ၂၅ )

(၁) မတရားသော မေထုန်သည် ဘုရားသခင်ကို ပြစ်မှားခြင်းဖြစ်သည်။ (က ၃၉း၉၊ ရောမ ၂း၂၂-၂၄၊ ဗျာ ၂း၂၀-၂၃၊ ဗျာ ၂၁း၈၊ ဗျာ ၂၂း၁၅ )

(၂) မတရားသော မေထုန်သည် အသင်းတော်ကို ပြစ်မှားခြင်းဖြစ်သည်။ ( ၁ကော ၅း၁-၆၊ ၁ရာ ၂း၂၄ )

(၃) မတရားသော မေထုန်သည် မိသားစု၊ သားသမီး၊ အမျိုးအနွယ် ကို ပြစ်မှားခြင်းဖြစ်သည်။ ( တော ၁၄း၃၃ )

(၄) မတရားသောမေထုန်သည် မိမိ၏ ခင်ပွန်း၊ ဇနီးကို ပြစ်မှားခြင်းဖြစ်သည်။ (၁ကာ ၆း၁၈ )

(၅) မတရားသောမေထုန်သည် မိမိကိုယ်ကိုပြစ်မှားခြင်းဖြစ်သည်။ ( ၁ကော ၆း၁၈ )

(၆) မတရားသောမေထုန်သည် အရှက်တကွဲ အကျိုးနည်းစေပြီး၊ ဝမ်းနည်းကြေကွဲစေပါသည်။ ( သုတ္တံ ၅း၁၁-၁၄၊ သုတ္တံ ၆း၃၂-၃၃ )

(၇) မတရားသောမေထုန်သည် ပျက်စီးဆုံးရှုံးခြင်းနှင့် ငရဲသို့ သက်ဆင်းရာ လမ်းဝဖြစ်သည်။ ( သုတ္တံ ၇း၁-၂၇၊ ဗျာ ၂၂း၁၅ )

(၈) မတရားသောမေထုန်သည် မိမိ၏ ချစ်သူရည်းစား ( ခင်ပွန်းလောင်း၊ ဇနီးလောင်း ) ကိုပြစ်မှားခြင်း ဖြစ်သည်။ ( ဟေဗြဲ ၁၃း၄ )

မတရားသော မေထုန် ဆိုသည်မှာ – –

* ပြည့်တန်ဆာ နှင့် ပေါင်းဖော်ခြင်း ( သုတ္တံ ၅း၂၀-၂၃၊ ၁ကော ၆း၁၅-၁၉ )
* သူ့မယား၊ သူ့လင် နှင့် ဖောက်ပြန်ခြင်းဖြစ်သည်။ ( သုတ္တံ ၆း၃၂၊ တရားဟော ၂၂း၂၂-၂၄ )
* လွတ်လပ်သူချင်း မင်္ဂလာမဆောင်မီ မှားယွင်းခြင်း။ ( တောလည်ရာ ၂၅း၁-၉၊ ဟေဗြဲ ၁၃း၄၊ တရားဟော ၂၂း၂၈-၃၀ )
* မျောက်မ ထားခြင်း၊ လင်ငယ်နေခြင်း။ ( တရားဟော ၂၂း၂၂၊ သုတ္တံ ၇း၁၈-၂၂၊ က ၃၉း၉ )
* ယောကျ်ားချင်း၊ မိန်းမချင်းမှားယွင်းခြင်း။ ( က ၁၉း၄-၉၊ ဝတ်ပြုရာ ၁၈း၂၂-၂၃ )

စသည်တို့ဖြစ်ပါသည်။

**ဘုရားသခင်၏ လူများကို အလဲထိုးရာတွင် စာတန်၏ အထိရောက်ဆုံး လက်နက်မှာ မတရားသော မေထုန် ဖြစ်သည်။**

– မတရားသောမေထုန်ဖြင့် စာတန်ကသင့်ကို တိုက်ခိုက်နေကြောင်း သတိပြုပါ။ (တော လည်ရာ ၃၁း၁၅-၁၇ )

– မတရားသောမေထုန်ကို မြည်းစမ်းရန် လူတိုင်း ခေါ်ဖိတ် သွေးဆောင်ခံနေရသည်။ ( က ၃၉း၉၊ သုတ္တံ ၅း၁-၉ )

– သွေးဆောင်ခံရတိုင်း သင့်နှလုံးသားထဲ၌ ကျိန်းဝပ်နေသည့် သန့်ရှင်းသော ဝိညာဉ်တော်က ငြင်းဆန်နိုင်သည့် တန်ခိုးတော်ကို ပေးထားသည်။ ( က ၃၉း၉၊ ဖိ ၄း၁၃ )

– ပြစ်မှားမိသော်လဲ နောင်တ တဖန်ရပြန်လျှင် ငရဲလမ်းမှ လွတ်ရန် အပြစ်ဝန်ချ၍ ဘုရားသခင်နှင့် ပြန်လည်မိတ်သဟာယဖွဲ့ပါ။ ( ၂ရာ ၁၂း၁၃-၁၄၊ ၂၀၊ ၁ယော ၅း၁၆၊ ၂ကော ၂း၇ )

အရှင်ယေရှု မိန့်တော်မူသည်ကား – –

သူ့မယားကို မပြစ်မှားရဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ၊၊ ငါပညတ်သည်ကား တပ်မက်သောစိတ်နှင့် သူ့မယားကို ကြည့်ရှုသော သူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ၊၊ ထို့ကြောင့် လက်ျာမျက်စိ ဖြစ်သော်လည်း သင့်ကိုမှားယွင်းစေလျှင် ထိုမျက်စိကို ထုတ်ပစ်လော့၊၊ တစ်ကိုယ်လုံးငရဲသို့ ချခြင်းကို ခံရသည်ထက် တစ်ဂါတစ်ခုပျက်သော် သာ၍ကောင်း၏၊၊ ( မဿဲ ၅း၂၇-၂၉ )

သို့ဖြစ်၍ ယုံကြည်သူအပေါင်းတို့ မတရားသောမေထုန်ကို ဝေးစွာ ရှောင်ကြဉ် ကြပါစို့။ ။ *( ဒေါ်လေး ဟန္ )*

HENERY RAMAYA ၏ 'စာရာ၏ သမီးများ' စာအုပ်မှ ကောက်နုတ် တင်ပြသည်။

- - - - - - - - - - - - - - - - - - - - - - - - - - - - -

# ကိုယ်တော်ပြုသည့်အမှုများ(၃)

သက်သေခံချက်



တစ်နေ့တွင် မိတ်ဆွေတစ်ဦးက ကျွန်မ အားအရေးတကြီး လာခေါ်ပါသည်။ ဆေးရုံတက်နေရသော မယုံကြည်သူ လူငယ်တစ်ဦး ခွဲစိတ်ခန်းထဲ ဝင်ရမည်ဟုဆိုသည်။ ထိုလူငယ်သည် ဆင်းရဲသည်။ WORK PERMIT နှင့် အလုပ်လုပ်နေသူ ဖြစ်သည်။ ဤရောဂါကြောင့် မြန်မာပြည် ပြန်ရလျှင် မိသားစု စားဝတ်နေရေး ခက်ခဲတော့မည်။ အကြွေးမကြေသေးဟု ဆိုသည်။ ခွဲစိတ်ရမည်ဆိုပါက ဆေးရုံစရိတ်ကြီးသောကြောင့် ငွေမတတ်နိုင်ပါ။ ပြီးလျှင် အလုပ်မလုပ်ရဘဲ တစ်လခန့် နားနေရအုံးမည်။

ဆေးရုံသို့ ရောက်သောအခါ ပြင်းပြသော ဝေဒနာခံစားနေရသည့် ထိုလူငယ်ကို ကရုဏာသက်မိပါသည်။ ထိုသူအတွက် ဘုရားရှင်၏ တန်ခိုးတော်ဖြင့် ရောဂါသက်သာ ပျောက်ကင်းရန် ဆုတောင်းပေးခဲ့သည်။ ဆုတောင်းခြင်း တန်ခိုးကြောင့် ကြီးကြီးကျယ်ကျယ် ခွဲစိတ်ရမည့် အခြေအနေမှ သာမာန်ခွဲစိတ်မှုသာ လုပ်ခဲ့ရသည်။ နှစ်နေရာ ခွဲရမည့်အစား တစ်နေရာသာ ခွဲရသည်။ ခွဲစိတ်ပြီးနောက်တွင်လဲ ချုပ်ရိုးအမြန်ကျက်၍ ဝေဒနာ အမြန်သက်သာလာသည်။ ရောဂါအတွက် ဆုတောင်းပေးပြီး သုံးရက်မြောက်နေ့တွင် ဘုရားရှင်ထံမှ လက်ဝါးကပ်တိုင်သဏ္ဍာန်ရှိသော အလင်းတန်းသည် ထိုလူငယ်အပေါ်သို့ ထွန်းလင်းဖုံးအုပ်ခြင်းခံရသော နိမိတ်လက္ခဏာကို မြင်တွေ့ခဲ့ရသည်။ မိရိုးဖလာ ယုံကြည်ကိုးကွယ်လာသော ဘာသာအပေါ် ရိုးသားစွာ စွဲလန်းဖက်တွယ်ထားရာမှ ခရစ်တော်၏ မေတ္တာတော်ကို အံ့ဘွယ်ထိတွေ့ ခံစားလာရပြီးနောက်တွင် ဘုရားသား အဖြစ်ခံယူကာ မဖြစ်မနေ နှစ်ခြင်းခံယူ၍ အသင်းတော်အတွက် အားကိုးရသော လူငယ်တစ်ဦး ဖြစ်လာခဲ့လေပြီ။

ကျန်းမာလာသောကြောင့် မိသားစုကိုလဲ ဆက်လက် ရှာဖွေကျွေးမွေး လာနိုင်ခဲ့သည်။ ခွဲစိတ်ခံခဲ့ရသော လူနာတစ်ယောက်ဟု ထင်စရာ မရှိလောက်အောင် ကျန်းမာရေး ကောင်းမွန်လာခဲ့သည်။ သူ့အနီးမှ ခရစ်ယာန် သူငယ်ချင်းများ နေမကောင်းလျှင်ပင် သူက လိုက်လံဆုတောင်း ပေးနေသောကြောင့် သူ့အား 'သင်းအုပ်' ဟုခေါ်နေကြသည်။ မကျန်းမာခြင်းမှ ကယ်နုတ်နိုင်သော ဘုရားရှင်၏ အနာငြိမ်းခြင်းတန်ခိုးအပေါ် လွန်စွာစိတ်ချသူ ဖြစ်လာသည်။ ထိုသူ၏ ခရစ်ယာန်အသက်တာ ဆက်လက်တည်ကြည်ခိုင်မြဲရန် ဆုတောင်းပေးနေရပြီး သွန်သင်လမ်းပြနေရပါသည်။ ဤအရာသည် ကိုယ်တော်ပြုသည့် အမှုများထဲမှ တစ်ခုအပါအဝင်ဖြစ်ပါသည်။ ။

*စန်းစန်းမြင့် ( စင်ကာပူ )*

မနက်စောစောတချိန်မှာ ဘုရားသခင် ကိုဇကျာဆိုင်းပြီး ထွက်ခြေသွားတဲ့သူဟာ ကျန်တဲ့တစ်နေ့လုံး ကြောတ်ရွံ့ထိတ်လန့်စွာ အသက်ရှင်ရလိမ့်မယ်၊၊

ဤ 'သခင့်စကား' စာစောင်ကို မိတ္တူကူး၍ ရပ်ဝေးရပ်နီးမှ သင့်မိတ်ဆွေ အပေါင်းအသင်းများထံ လက်ဆင့်ကမ်း ပေးပို့ခြင်းဖြင့် အမှုတော်မြတ်တွင်ပါဝင်ပါ။

# လက်ဆောင်

ခံစားမှုရသဆွေးတို့



ဆေးလိမ်တိုတွေ၊ ယမကာပုလင်းအခွံတွေ ပြန့်ကျဲနေတဲ့အခန်းကျဉ်းလေးထဲမှာ သူ တစ်ယောက် လောကကြီးကို အရှုံးပေးနေတာလား၊ ဒါမှမဟုတ် ခံစားမှုရသတွေ ပီပြင်အောင် အတွေးအခေါ်တွေ စုစည်းနေတာလား၊ တရွေ့ရွေ့နဲ့ အချိန်တွေကုန်ဆုံးလာခဲ့ပြီ။ ဘာအတွက်ကြောင့် ဘဝတစ်ခုလုံးကို နစ်မွန်းအောင် ဖန်တီးပြီး အခန်းကျဉ်းလေးထဲမှာပျော်နေပါသလဲ။ သူ ဆိုတာက ဂျစ် ဆိုတဲ့ လူငယ်တစ်ယောက်ဘဲဖြစ်ပါတယ်။

ဂျစ်ရဲ့စိတ်ပါရမီဖြည့်ဖက် အရင်းနှီးဆုံး သူငယ်ချင်းကတော့ ဆူး ဆိုတဲ့ မိန်းမလှလေးပေါ့။ ဆူး ဟာ ဂျစ် အတွက်အနွံအတာခံပြီး အမြဲတန်း အားပေးစကား ပြောနေတတ်တဲ့ မျှဝေခံစားကွန်းမှီရာ အဖော်ကောင်းတစ်ယောက်လဲ ဖြစ်ပါတယ်။ ဂျစ် အတွက် အကောင်းဆုံးအဖော် နောက်တစ်ယောက် ရှိပါသေးတယ်၊ အဲဒါကတော့ သားအတွက် ရင်လေးပြီးသောကတွေ ဝေနေတတ်တဲ့ သူ့ရဲ့ မိခင်ပါဘဲ။

'အန်တီ နေကောင်းလား၊ ဂျစ်ကိုမတွေ့တာ ကြာသွားလို့ လာလည်တာ။' 'ဪ – သမီးရယ်၊ သိတဲ့အတိုင်းဘဲ၊ ဂျစ်ကတော့ သူ့အခန်းလေးထဲမှာ သူနှစ်သက်ခုံမင်တဲ့ အရာတွေနဲ့ဘဲပေါ့။' 'ဂျစ် ကဒါတွေကို တကယ်ဘဲ နှစ်သက်ခုံမင်နေတာလား၊ ဒါမှမဟုတ် အခြေအနေအရ ရည်ရွယ်ချက်တစ်ခုအောင်မြင်ဖို့ ဒီအရာတွေကို သုံးစွဲနေတာလား အန်တီ' 'ဒါတော့ အန်တီလဲမသိဘူး၊ ဒီအရာတွေကြောင့် သူလဲနာမည်ရတဲ့ သီချင်းရေးဆရာတစ်ယောက် ဖြစ်လာသလို မိသားစုကို လုပ်ကျွေးနိုင်ခဲ့တာတော့ အမှန်ဘဲပေါ့ သမီးရယ်။' 'ဂျစ် ကအချစ်သီချင်းတွေကို ရေးဖွဲ့နိုင်ရုံတင်မကဘူး၊ မွေတေးတွေမှာလဲ လူတိုင်းအတွက် ခွန်အားရလောက်အောင် ရေးနိုင်တယ်နော်၊ တကယ်တော့ သူ့ရဲ့ နေပုံထိုင်ပုံကို သူ့ရဲ့ ပရိတ်သတ်တွေသာ သိခဲ့ရင် တော်တော် ဝမ်းနည်းစရာကောင်းမှာဘဲ' 'အန်တီလဲ သူ့အတွက်အမြဲ ဆုတောင်း ပေးနေပါတယ်။ ဒီအရာတွေကို စွန့်လွှတ်နိုင်ပြီး စစ်မှန်တဲ့ အလင်းတရားတွေကို သူမြင်နိုင်ပါစေလို့ – ကဲကဲ စကားကောင်းနေလိုက်တာ သမီးသူ့ကိုဝင်တွေ့လိုက်လေ' 'ဟုတ်ကဲ့ အန်တီ'

'ဟေ့ ဂျစ် ဒီအခန်းကျဉ်းလေးထဲမှာ နင့်ဘဝကို ဒီလိုဘဲအချိန်ကုန် နစ်မွန်းခံတော့မှာလား၊' ငါ့ဘဝကို နားလည်ပေးပါ ဆူး၊ အဖေဆုံးသွားကတည်းက ငါ့မိသားစု စားဝတ်နေရေး၊ ငါ့အမေကျန်းမာရေးအတွက် ငါတတ်တဲ့ ဒီအရာလေး တွေနဲ့ ဘဝကိုရင်ဆိုင်ရုန်းကန်နေရတာပါ' 'နင့်အမေကိုချစ်ရင် နင့်အမေ စိတ်ချမ်းသာဖို့ သူအဖြစ်ချင်ဆုံး အတမ်းတဆုံးအရာကို နင်ပြန်ပေးသင့်ပါတယ် ဂျစ် ရယ်၊ ဒီအရာတွေကို နင်ခုံမင်နှစ်သက်နေရင် နင့်ဘဝတစ်ခုလုံးတင်မကဘူး၊ နင့်မိသားစုရဲ့ ပျော်ရွှင်မှုတွေပါ ဆုံးရှုံးသွားနိုင်တယ် ဆိုတာနင်သိရဲ့လား' ' နေစမ်း ပါအုံး ဆူးရယ်၊ ငါ့အတွက်၊ ငါ့မိသားစုအတွက် နင်ဘာဖြစ်လို့ ဒီလောက်တောင် ဖြစ်နေရတာလဲ၊ ငါ့ဘဝ၊ ငါ့အခြေအနေနဲ့ ငါပျော်နေပါရစေ၊ ငါ့ဘဝကိုမစိုးမိုးချင်ပါနဲ့ ဆူးရယ်။' စေတနာတွေအတွက် ဝေဒနာရရှိခဲ့တဲ့ ဆူးက ဂျစ် ကိုကျောခိုင်းရင်း၊ 'နင်အမြင်မှန်ရပါစေလို့ ငါ နင့်အတွက်အမြဲတမ်း ဆုတောင်းပေးနေပါ့မယ်၊' တွေဝေစွာ ကျန်ရစ်သူ ဂျစ်တစ်ယောက် – 'ငါ ဒီလောက်တောင် ဆိုးနေပြီလား၊ ငါ့နှလုံးသား၊ ငါ့ရဲ့ လိုအင်ဆန္ဒတွေကို ငါ့ဦးနှောက်က ထိန်းချုပ်ထားပါရဲ့လား၊'

ကျော်လွန်ခဲ့တဲ့ ရက်တွေနဲ့အတူ ဖြတ်သန်းလာခဲ့တဲ့ ဘဝတစ်ကွေ့မှာ ဒီဇင်ဘာအလှက အေးချမ်းတိတ်ဆိတ်ပြီး ကြည်နူးစရာကောင်းပါလား၊ ဂျစ် တစ်ယောက် 'လက်ဆောင်' ဆိုတဲ့ဓမ္မတေးသီချင်းတစ်ပုဒ်ကို အဆုံးသတ်ရေးဖွဲ့ရင်း၊ မမျှော်လင့်ဘဲ – – သူဖန်ဆင်းတဲ့ လူသားတွေကို ပျက်ဆီးခြင်းသို့ မရောက်ရအောင် သူအလွန်ချစ်တဲ့ သားတော် ယေရှုကို ဒီလောကထဲကို စေလွှတ်ပြီး အပါယ်လားရမဲ့ တို့ဘဝကို သူကယ်တင်ခဲ့ပြီ —– ဆိုတဲ့ "ကြီးမားတဲ့ လူသားအတွက်လက်ဆောင်" ယော ၃း၁၆ ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည်၊ ပျက်ဆီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏ "ကြီးမားတဲ့ လူသားအတွက် မေတ္တာတရား"

ဂျစ်ရဲ့ အတွေးအခေါ်တွေက အဝေးမှာကျန်ခဲ့ပြီ။ နောင်တတရားနှင့်အတူ အခန်းကျဉ်းလေးထဲက အလင်းရောင်လေးကိုသူမြင်လာရပြီ။ ငါ့အမေ လိုချင်ဖြစ်ချင်၊ မြင်ချင်ပြီး အတမ်းတဆုံးအရာဖြစ်တဲ့ ငါခုံမင်နှစ်သက်တဲ့ အရာတွေကို စွန့်လွှတ်ပြီး ငါ့ဘဝတစ်ခုလုံးကို ဘုရားရှင်လက်ထဲ အပ်နှံလိုက်တော့မယ်၊ ဆိုတဲ့ ကတိတွေနဲ့– – အမေ့ကို ဒီဇင်ဘာ အမှတ်တရ လက်ဆောင်အဖြစ် အမေဖြစ်ချင်တဲ့ ဆန္ဒအတိုင်း ဘုရားအလိုတော်အတိုင်းဘဲ အသက်ရှင်တော့မယ်၊ ဒီလိုအတွေးတွေနဲ့ ခံစားချက် တွေကို စာရွက်ပေါ် ရေးချနေစဉ်မှာဘဲ– – –ရှင်သန်ခြင်းရဲ့ လမ်းစ၊ ချည့်နဲ့နေတဲ့ ခန္ဓာ ကို ငြိုးတွားမြည်တမ်းရင်း– –

'ဒီကျမ်းစကားတွေဟာငါ့အတွက်နက်နဲတဲ့ အလင်းတခါး ထွက်ပေါက်ဘဲ၊ ငါက ဓမ္မတေးတွေရေး၊ သမ္မာကျမ်းစာတွေဖတ်၊ ငါ့ရဲ့အပြုအမူတွေက ငါ့ဘဝရဲ့ လိုအင်ဆန္ဒ၊ ငါ့ဘဝရဲ့ အလင်းရှင်အတွက် နောင်တတရားတွေ ရခဲ့ပေမဲ့ မိခင်ကို လက်ဆောင်အဖြစ် မပေးနိုင်ခဲ့ပါလား' ကြွေလွင့်သွားတဲ့ ခန္ဓာ အသက် ဝိညာဉ်နှင့် အခန်းကျဉ်းထဲက ဂျစ် တစ်ယောက်ကတော့ အခုဆိုရင် ဟိုး – နေရာမှာ – – – (သွားနှင့်သူ ချစ်သူငယ်ချင်းအတွက် အမှတ်တရ လက်ဆောင်)

( *LINK* )

**ဘုရားသခင်၏ နှုတ်ကပါတ် တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်စုံခြင်း၊ သန်လျက်ထက်ထက်ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ အသက်နှင့် စိတ်ဝိညာဉ်ကို လည်းကောင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုလည်းကောင်း၊ ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ ဟေဗြဲ ၄း ၁၂**

- - - - - - - - - - - - - - - - - - - - - - - - - - - -

## *အထီးကျန်*

**အဘယ်ကြောင့်အထီးကျန် ရပါသနည်း။**

(၁) အခြားသူများကို ကရုမစိုက်ဘဲ မိမိကိုယ်ကိုသာ ကရုစိုက် အလေးထားလွန်းခြင်း။

(၂) ကိုယ့်ကိုယ်ကို သနားကြင်နာတတ်သော စိတ်အာရုံက လွှမ်းမိုးထားခြင်း။

(၃) မိသားစု၊ အပေါင်းအဖော်များနှင့် ကြာရှည်စွာ ခွဲခွာနေရခြင်း။

(၄) မိမိ၏ လိုအင်ဆန္ဒ မပြည့်ဝခြင်း။

(၅) အားလပ်ချိန်ကို မိမိတစ်ဦးတည်း အတွက်သာ အသုံးချနေခြင်း။

(၆) လူမှုပေါင်းသင်း ဆက်ဆံရေး ညံ့ဖျင်းခြင်း။

(၇) အခြားသူများထံမှ ပေးကမ်းကူညီမှုများကိုသာ အစဉ်မျှော်လင့်တတ်လွန်းခြင်း။

**အထီးကျန်သူ၏ နှလုံးသား ရင်ခုန်သံကို ဘုရားသခင် ကြားပါသည်။**

* အထီးကျန်သူ၏ စိတ်ထိခိုက်ကြေကွဲခြင်းကို ဘုရားသခင် နားလည်ပါသည်။
* အထီးကျန်သူ၏ စိုးရိမ်တတ်သော နှလုံးခုန်ချက်ကို ဘုရားသခင် နားထောင်၍ ဖြေရှင်းပေးနိုင်ပါသည်။
* အထီးကျန်သူ၏ ညည်းတွားမြည်တမ်းနေသော ဆုတောင်းချက်ကို ဘုရားသခင် နားညောင်းပါသည်။
* အထီးကျန်ခြင်းမှ ဖြစ်ပေါ်လာသော နှလုံးသားပူဆွေးဝမ်းနည်းမှုကို ဘုရားသခင် ကြားဝင်ခံစားပေးနိုင်ပါသည်။
* ဘုရားသခင်၏ မျက်မှောက်တော်မှ စောင့်မမှုသည် အထီးကျန်သူကို နှစ်သိမ့်သက်သာ စေပါသည်။
* အထီးကျန်သူ၏ နှလုံးသားထဲတွင် ချစ်ကြင်နာတတ်သော စိတ်ဖြစ်ပေါ်လာစေရန်အတွက် ဘုရားသခင်သည် အသစ်သော သီချင်းကို ရေးသားစပ်ဆိုနိုင်ပါသည်။

ဘုရားသခင်၏ ကြင်နာကရုဏာပြုမှု၊ နားလည်ပေးမှု နှင့် နားညောင်းအဖြေနိုင်ခြင်းကို သိရှိထားပါက ကျွန်ုပ်တို့ အထီးကျန်သော အချိန်များတွင် မျှော်လင့်ခြင်းကို တိုးပွားစေပါသည်။ ။ *( မွှေယာဘုန်း )*